အောင် လေလာသောဘက်မှ တံခါးပေါက်နှင့် လေ သောက်ပြူတင်းများကို ပိတ်ထားရသည်။

(၆) သောက်ရေ သုံးရေများကို သန့်ရှင်းစွာ တည်ထားရ၍ (သောက်ရေခွက်ကိုလည်း နေ့စဉ် ပွတ်တိုက်) ရသည်။

(၇) မိမိထက် သီတင်းကြီးသူနှင့်အတူ တကျောင်းတည်း၌ နေလျှင် "စာသင်မှု၊ ပြဿနာမေးမှု၊ စာအံမှု၊ တရားဟောမှု၊ မီးထွန်းမှု၊ တံခါးဖွင့်မှု၊ ပိတ်မှုများကို ထိုသီတင်းကြီးသူအား ခွင့်တောင်းပြီးမှ ပြုရသည်။ [နှဂိုရ်ကပင် မထေရ်ကြီးက ထိုကိစ္စအားလုံးကို ( သင့်တော်သလို ပြုကြတော့ဟု)ခွင့်ပြုထားလျှင်ကား ခွင့်တောင်းဘွယ် မလိုပါ၊ ဤသို့ မထေရ်ကြီးက ခွင့်မပြုဘဲ ငယ်ရွယ်သူတို့ ကိုယ်လုပ်ချင်ရာလုပ်လျှင် ရဟန်းတို့မှာ အာပတ်သင့်၍ သာမဏေတို့မှာ ဒဏ်ထိုက်သည်။] ဤကား အလွန်သိထိုက်သော သေနာသန ဝတ်များတည်း၊ ပါဠိတော်၌ကား သည့်ထက် ကျယ်ဝန်းစွာ ပါရှိလေသည်။

**တိုက်တွန်းချက်။** ။မြတ်စွာဘုရားသည် ကျောင်း–အိပ်ရာ နေရာတို့ကို နေ့စဉ် သုတ်သင် ရှင်းလင်းဘို့ရာ ပညတ်တော် မူထားသည့် အတိုင်း ကျောင်းတွင်း ကျောင်းဝိုင်းများကို နေ့စဉ် ရှင်းလင်းပါမူ ရဟန်းတော်များ၏ နေရာသည် အသာယာဆုံး ကြည်နူးဘွယ် အကောင်းဆုံး ရောက်လာသူတို့၏ စိတ်နှလုံးကို ယူကျုံးနိုင်ဆုံး ဖြစ်လောက်ရာ၏၊ ယခုမူကား အများအားဖြင့် ထိုကဲ့သို့ သုတ်သင်ရမည့်